# FMI

## အပိုဆု အစုရှယ်ယာထုတ်ပေးခြင်းအား အသိပေးကြေညာခြင်း

ဖတ်(စ်)မြန်မာအင်ဗက်(စ်)မဲ့(န်)ကုမ္ပဏီလီမိတက် (ကုမ္ပဏီ) ဒါရိုက်တာအဖွဲ့သည် ၂၀၁၇ ခုနှစ်၊ ဇွန်လ (၃၀) ရက်နေ့တွင် ထုတ်ပြန်ခဲ့သော ကုမ္ပဏီ၏ အစုရှယ်ယာပေါ်အမြတ်ဝေစုပေးဝေမှုတွင် အပိုဆုအစုရှယ်ယာထုတ်ဝေမှုနှင့် ပတ်သက်သည့် ကြေညာချက်အား ရည်ညွှန်း၍ အောက်ပါအတိုင်းဆက်လက်ထုတ်ပြန်အပ်ပါသည်။

ယခင်ထုတ်ပြန်ချက်ကိုဆက်စပ်၍ ဒါရိုက်တာအဖွဲ့အနေဖြင့် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၁၄)ရက်နေ့တွင် အပိုဆုအစုရှယ်ယာအရေအတွက် (၂,၃၄၅,၀၆၃) ထုတ်ဝေပြီးဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

အဆိုပါ အစုရှယ်ယာသစ်များသည် ကုမ္ပဏီမှလက်ရှိထုတ်ဝေထားသော သာမန်အစုရှယ်ယာများနှင့် တန်းတူအဆင့်အတန်း ရှိမည်ဖြစ်ပါသည်။ အဆိုပါအစုရှယ်ယာသစ်များအား ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၁၅)ရက်နေ့တွင် ရန်ကုန်စတော့အိတ်ချိန်း၌ စာရင်းဝင်မည်ဖြစ်ပါသည်။

အဆိုပါ အစုရှယ်ယာသစ်များ ထုတ်ဝေပေးပြီးနောက် ကုမ္ပဏီ၏ထုတ်ဝေပြီး မတည်ရင်းနှီးမှု အစုရှယ်ယာစုစုပေါင်းမှာ ၂၃,၄၈၀,၀၁၃ မှ ၂၅,၈၂၅,၀၇၆ သို့ တိုးမြှင့်ပြီးဖြစ်ကြောင်း အသိပေးကြေညာ အပ်ပါသည်။

ဒါရိုက်တာအဖွဲ့၏ အမိန့်အရ

ထွန်းထွန်း
အမှုဆောင်ဒါရိုက်တာ
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၁၄) ရက်။


FIRST MYANMAR INVESTMENT CO., LTD.
YSX Code 00001
FMI Centre, 10th Floor
380 Bogyoke Aung San Road
Yangon, Myanmar
Tel: (01) 240363
www.fmi.com.mm